# (၃၁) ကြိမ်မြောက် သာမာန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

**"ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို ချစ်ခင်တော်မူသောကြောင့် အရာခပ်သိမ်းတို့ကို သနားတော်မူ၏။"**

***ဉာဏ်ပညာတော်ကျမ်း -၁၁၊ ၂၂ မှ ၁၂၊ ၂ အထိ။***

ကိုယ်တော်၏မျက်မှောက်၌ ကမ္ဘာတစ်ခုလုံးသည်ချိန်ခွင်လျှာကို အလေးသာစေသော မြူတစ်မှုံမျှလည်းကောင်း၊ မြေကြီးပေါ်တွင် နံနက်အချိန်ကျဆင်းသော နှင်းပေါက်တစ်ခုပမာလည်းကောင်းဖြစ်၏။ ကိုယ်တော် သည်အားလုံးစုံကို တတ်နိုင်တော်မူသောကြောင့် အားလုံးတို့ကို သနားကြင်နာတော်မူ၏။ နောင်တသံဝေဂတရား ကြောင့်လူတို့၏အပြစ်များကို ဥပက္ခာပြုတော်မူသည်။ ကိုယ်တော်သည် ရှိရှိသမျှသောအရာအားလုံးတို့.ကိုချစ်မြတ် နိုးတော်မူ၏။ ကိုယ်တော်ဖန်ဆင်းတော်မူခဲ့သောအရာများထဲမှ မည်သည့်အရာကိုမျှမုန်းထားတော်မမူ။ ကိုယ်တော် သည်အကယ်၍သာမုန်းတီးခဲ့ပါလျှင် မည်သည့်အရာကိုမျှဖန်ဆင်းတော်မူမည်မဟုတ်။ ကိုယ်တော်အလိုတော် မရှိခဲ့လျှင် မည်သည့်အရာသည် တည်တံ့နေနိုင်ပါမည်နည်း။ ကိုယ်တော်ထံမှခေါ်တော်မူခြင်းမခံရလျှင် မည်သည့်အရာသည် ဆက်လက်တည်ရှိနိုင်မည်နည်း။ ဝိညာဉ်များကိုချစ်မြတ်နိုးတော်မူသောအိုသခင်၊ အရာခပ်သိမ်းတို့သည် ကိုယ်တော်ပိုင်ဆိုင်တော်မူရာများဖြစ်သောကြောင့် အရာခပ်သိမ်းတို့ ကိုယ်တော်သည် သနားညှာတာတော်မူ၏။ အကြောင်းမူကား ကိုယ်တော်၏မသေမပျောက်နိုင်သော အသက်သည် အရာခပ်သိမ်း တို့၌ရှိတော်မူ၏။ ထို့ကြောင့်ကိုယ်တော့ထံမှထွက်သွားသောသူတို့ကို တဖြည်းဖြည်း သွန်သင်တော် မူ၍သူတို့သည် မကောင်းဒုစရိုက်ကို စွန့်ပစ်ကြလျက် ကိုယ်တော်၌ ယုံကြည်နိုင်ကြရန် အိုသခင်ကိုယ်တော်သည် သူတို့ပစ်မှားသော အရာတို့ကို သတိပေးတော်မူ၍ ဆုံးမပဲ့ပြင်တော်မူသည်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းဧကျူးခြင်း။**

**ဆာလံ - ၁၄၄။**

သံပြိုင်။ ။ ကျွန်ုပ်၏ ဘုရင်ဖြစ်တော်မူသော အိုဘုရားသခင်ကိုယ်တော်၏ နာမတော်အား ကာလအဆက်ဆက် ကောင်းချီးသြဘာပေးပါမည်။ (သို့) အာလေလူယား။

☐ ကျွန်ုပ်၏ ဘုရင်ဖြစ်တော်မူသော အိုဘုရားသခင်ကိုယ်တော်အားချီးမွမ်းပါမည်။ ကိုယ်တော်ကို ကျွန်ုပ်ချီးမြှောက်၍ ကိုယ်တော်၏ နာမတော်အား ကာလအဆက်ဆက် ကောင်းချီးသြဘာပေး ပေးပါမည်။ကျွန်ုပ်သည်နေ့စဉ်နှင့်အမျှကိုယ်တော်ကို ကောင်းချီးသြဘာပေး၍ ကိုယ်တော်၏ နာမတော်ကိုကာလအစဉ် ချီးကျူးထောပနာပြုပါမည်။ (သံပြိုင်)

□ သခင်ဘုရားသည် သနားကရုဏာတော်နှင့်ပြည့်စုံတော်မူ၍ စိတ်ရှည်တော်မူ၏။
သခင်ဘုရား သည်အရာခပ်သိမ်းတို့အပေါ်မှာ ချို့မြတ်သာယာတော်မူ၏။ ကိုယ်တော်ဖန်းဆင်
ထားသော အရာများ အပေါ်၌လည်း သနားကြင်နာတတ်တော်မူ၏။ (သံပြိုင်)
□
အိုသခင်ကိုယ်တော်ဖန်ဆင်းထားတော်မူသောအရာခပ်သိမ်းတို့သည်ကိုယ်တော်အားဂုဏ်ပြုကြ
ပါစေ။ ကိုယ်တော်၏ သန့်ရှင်းသူတို့သည်လည်း ကိုယ်တော်အား ကောင်းချီးသြဘာ ပေးကြပါစေ။
ကိုယ်တော် နိုင်ငံတော်၏ ဘုန်းဂုဏ် တော် ကို ချီးကျူးကြ၍ ကိုယ်တော်၏အာဏာတန်ခိုး
တော်ကို ကြွေးကြော်ကြပါစေ။ (သံပြိုင်)
□ သခင်ဘုရားသည်မိမိနှုတ်ထွက်စကားတို့၌ သစ္စာရှိတော်မူ၍ မိမိဆောင်ရွက်တော်မူသော
အမှု တို့၌သန့်ရှင်းတော်မူ၏။ သခင်ဘုရားသည် လဲကျသောသူတို့ကို ထူမတော်မူ၍ ဖိနှိပ်ခံရသူတို့ကို
လွတ်မြောက် စေတော်မူ၏။ (သံပြိုင်)

**ဒုတိယကျမ်း။**

**"ခရစ္စတူးသခင်၏ နာမတော်သည် သင်တို့အားဖြင့် သင်တို့သည်လည်း ခရစ္စတူးသခင်အားဖြင့် ထင်ရှားပါစေ။"**

***မွန်မြတ်သောတပည့်တော်ကြီးသံပေါလူး၊ သက်ဆာလိုနီမြို့သားတို့ထံရေးသောစာ၊ ဒုတိယစောင်။)၁၊၁၁မှ ၂၊ ၂ အထိ)***

ညီအစ်ကိုတို့။
ကျွန်ုပ်တို့သည် သင်တို့အဖို့ အမြဲတစေဆုတောင်းပတ္ထနာပြုလျက်နေကြသည်။
ဤသို့ဆုတောင်းရသည့် အကြောင်းကား၊ ကျွန်ုပ်တို့၏ဘုရားသခင်သည်
သင်တို့ကိုမိမိ၏ခေါ်တော်မူခြင်းနှင့်ထိုက်တန်သူများဖြစ်စေခြင်း ငှာလည်းကောင်း၊
သင်တို့၏ကောင်းသောရည်ရွယ်ချက်အားလုံးနှင့် ယုံကြည်ခြင်းနှင့်ဆိုင်ရာကျင့်စဉ်များကို
မိမိတန်ခိုးတော်ဖြင့် ပြည့်စုံစေခြင်းငှာလည်းကောင်း၊ ထိုမှျမကကျွန်ုပ်တို့သခင်ယေဇူးခရစ္စတူး၏
နာမတော်သည်သင်တို့အားဖြင့်ထင်ရှားစေခြင်းငှာလည်းကောင်း၊ကျွန်ုပ်တို့၏ဘုရားသခင်နှင့်
ယေဇူးခရစ္စတူးသခင်၏ ကျေးဇူးတော်ကြောင့် သင်တို့သည်လည်းယေဇူးသခင်အားဖြင့် ထင်ရှားစေခြင်းငှာ
လည်းကောင်းဖြစ်၏။ ညီအစ်ကိုတို့၊ ကျွန်ုပ်တို့ သခင်ယေဇူးကြွလာတော်မူသောအခါ၊
ကိုယ်တော်ထံတော်၌ ကျွန်ုပ်တို့အားလုံး စုရုံးကြရမည့်အကြောင်းနှင့် ပတ်သက်၍
သခင်ဘုရား၏နေ့ရက်သည် ရောက်လာပြီဟူသော ကြိုတင်ဟောပြောချက်ကြောင့် ဖြစ်စေ၊
ကောလဟာလသတင်းများကြောင့်ဖြစ်စေ၊ ကျွန်ုပ်တို့ထံမှပေးပို့လိုက် ဟန်ရှိသော စာများကြောင့်ဖြစ်စေ၊
အဆောတလျင် စိတ်နှလုံးလှုပ်ရှား၍ ကြောက်ရွံ့ခြင်းမရှိကြစေရန် သင်တို့အား
ကျွန်ုပ်တို့တောင်းပန်ကြပါသည်။
*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**အာလေလူယား။ (သံယောဟန် -၃၊ ၁၆)**
အာလေလူယား။ မိမိတစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင်
ဘုရားသခင်သည်ဤလောက ကိုချစ်တော်မူ၏။ ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်
မပျက်စီးစေရ၊ ထာဝရအသက်ရစေမည့် အကြောင်းတည်း။ အာလေလူယား။

**ဧဝံဂေလိကျမ်း။**

**"လူသားသည် ပျက်စီးသောအရာကို ရှာ၍ ကယ်တင်ခြင်းငှာလာလေသတည်း။"**

***သံလူကားရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၉၊ ၁ မှ ၁၀ အထိ)***
ထိုကာလ၌ သခင်ယေဇူးသည်ဂျေရီခိုမြို့သို့ဝင်၍ လျှောက်သွားတော်မူ၏။
ထိုအခါဇာခေဦးအမည်ရှိသော သူတစ်ဦးရှိ၏။ ဤသူသည်အခွန်ခံခေါင်းဖြစ်၍
ဥစ္စာရတတ်သောသူလည်းဖြစ်၏။ ယေဇူးကိုအဘယ်သို့သော သူဖြစ်သည်ကိုကြည့်လိုသော်လည်း
လူအစုအဝေးကြောင့် အရပ်နိမ့်သည်နှင့် မတတ်နိုင်သည်ဖြစ်၍၊ ကိုယ်တော် ကိုမြင်အံ့သောငှာ
ရှေ့တော်သို့ပြေး၍ တည်ပိုးစာပင်တစ်ပင်ကိုတက်လေ၏။ အကြောင်းမူကား ထိုနေရာကို
ကိုယ်တော်ရောက်အံ့သတည်း။ ယေဇူးသည်ထိုနေရာသို့ရောက်သောအခါ
မျှော်ကြည့်၍သူ့ကိုမြင်လျှင်ဇာခေဦး အမြန်ဆင်းလော့။ အကြောင်းမူကား
ယနေ့သင့်အိမ်၌ငါတည်းခိုရမည်ဟု မိန့်တော်မူ၏။ သူသည်လည်းလျင်မြန် စွာဆင်းခဲ့၍
ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ကိုယ်တော်ကိုဧည့်ခံလေ၏။ ရှိသမျှသူတို့သည်မြင်ကြလျှင် အပြစ်ရှိသော
သူ၏အိမ်၌ဝင်၍ ကျွေးမွေးခြင်းခံသည်တကားဟု မြည်တွန်ကြ၏။ ဇာခေဦးမူကား
ရပ်လျက်ကိုယ်တော်ဘုရား ကျွန်တော်၏ဥစ္စာထက်ဝက်ကို ဆင်းရဲသူတို့အားပေးပါသည်။
တစ်စုံတစ်ယောက်သောသူ၏ ဥစ္စာကိုလိမ်လည်၍ ယူမိလျှင်လေးဆပြန်ပေးပါ၏ဟု
သခင်ဘုရားကိုလျှောက်၏။ ယေဇူးကသူ့အားမိန့်တော်မူသည်ကား ယနေ့ဤအိမ်
၌ကယ်တင်ခြင်းရောက်လေပြီ။ အကြောင်းမူကား၊ ဤသူသည်လည်း အာဗြံဟမ်၏ သားဖြစ်၏။
အကြောင်းမူ ကား လူသားသည်ပျက်စီးသောအရာကိုရှာ၍ ကယ်တင်ခြင်းငှာလာသတည်း။
*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*